ထုံးတပိုအောက်ကျေးရွာ

ထုံးတပိုအုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ထုံးတပိုအောက်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

ဩဂုတ်လ၊ ၂၀၁၈

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီး | ၁ |
| | ထုံးတပိုအောက်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် | ၃ |
| | ထုံးတပိုအောက်ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် | ၄ |
| | **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | ၅ |
| ၁။ | နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| | (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| ၂။ | တည်နေရာနှင့်ပထဝီအနေအထား | ၆ |
| ၃။ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၇ |
| ၄။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၇ |
| | (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၈ |
| | (ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၉ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၉ |
| | (င) ပညာရေး | ၉ |
| | (စ) ကျန်းမာရေး | ၁၀ |
| | (ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၁ |
| | (ဇ) ကျား – မ ရေးရာ | ၁၁ |
| ၅။ | ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁၂ |
| နောက်ဆက်တွဲများ | | |
| နောက်ဆက်တွဲ(၁) | – ဖွံ့ဖြိုးရေးဗျူဟာဇယား | ၁၃ |
| နောက်ဆက်တွဲ(၂) | – ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၄ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏

ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၂

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီ အစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့် ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်း အရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဩဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ထုံးတပိုအောက်ကျေးရွာ
ဇလွန်မြို့နယ်

# ထုံးတပို(အောက်)ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ်



ရက်စွဲ၊ ၁၃.၇.၂၀၁၈ ရေးဆွဲသူ၊ ဦးစိန်ဝင်း



## ထုံးတပို(အောက်)ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ်



ရက်စွဲ၊ ၁၃.၇.၂၀၁၈ ရေးဆွဲသူ၊ ဦးဇော်ဝမ်း

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှုးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက် အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင် ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင် မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။တည်နေရာနှင့်ပထဝီအနေအထား

ထုံးတပိုအုပ်စု၊ ထုံးတပိုအောက်ကျေးရွာသည် ဇလွန်မြို့နယ် အရှေ့၊ ဧရာဝတီမြစ်အရှေ့ဘက်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတို့နှင့် နယ်နိမိတ်ထိစပ်နေပါသည်။ ဇလွန်မြို့မှ (၁၀)မိုင်ကျော်၊ အဖျောက်မြို့မှ (၇)မိုင်ကျော် ဝေးပါသည်။ ရေလဲတိုက်နယ်အတွင်းပါဝင်ပါသည်။ ဇလွန်မြို့နှင့် ရေလမ်းခရီးဖြင့်သာ သွားလာနိုင်ပါသည်။ နွေရာသီတွင် ဆိုင်ကယ်များ၊ စက်လှေ၊ ကူးတို့တို့ဖြင့် ကူးသန်းကြရပါသည်။ အဖျောက်မြို့နယ်နှင့်သာ ဆက်သွယ်ရေးအဆင်ပြေပါသည်။ ရေလမ်းခရီး သာမက ရေကာတာပေါ်မှ စက်ဘီး၊ ဆိုင်ကယ်များ ရာသီမရွေးသွားလာနိုင်ပါသည်။ နွေရာသီတွင် ထော်လာဂျီ၊ ကုန်ကားများဖြင့် အဖျောက်၊ တိုက်ကြီး၊ ရန်ကုန်သို့ ကုန်စည်ပို့ဆောင် ဝယ်ယူ နိုင်ကြပါသည်။ မြေသားလမ်းအူ ချောင်းတာရိုးအား (ရေနံမြေမှ) ခင်းထားပါသည်။ ရာသီတိုသာ အသုံးပြုနိုင်ကြသည်။

ထုံးတပိုကျေးရွာသည် ရေကာတာဘေးတောင်မြောက်ရွာတန်းဖြစ်ပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် ရေလဲရွာ၊ တောင်ဘက်တွင် ချောင်းကြီး၊ ကွေ့ပန်းကန်ချောင်း စသော ကျေးရွာများ တည်ရှိပါသည်။ မြေပြင်အနေအထားအရ နိမ့်ပါသည်။ တာတမံကာထားသော်လည်း အရှေ့ဘက်မှ လှိုင်မြစ်ရေနစ်စဉ်ဝင်ရောက်ပါသည်။ သုံးကြိမ်ခန့် ရေကြီးနစ်မြုပ်သည်။ လယ်မြေများ ပုံမှန်ဆုံးရှုံးခဲ့ကြရသည်။ မိုးရေချိန်များသည် လယ်မြေတွင် မိုးစပါး၊ ပဲမျိုးစုံ၊ ပြောင်း စိုက်ပျိုးကြသည်။ ကိုင်းမြေပေါ်တွင် ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်း၊ ဖရဲ၊ ငြုပ်တို့အား အဓိကစိုက်ပျိုးလုပ်ကိုင်ကြသည်။ ချောင်းများ၊ အိုင်များ၊ အင်းများပေါ်သော်လည်း ရေလုပ်သားများ အသက်မွေးဝမ်းကျောင်းမှု ပြုလုပ်သူနည်းပါးပါသည်။

**၃။ရာသီဉတုနှင့် သဘာဝအရင်းအမြစ်များ**

ထုံးတပိုအောက်ကျေးရွာသည် မိုးကောင်းပြီး မြေနိမ့်ဒေသဖြစ်ပါသည်။ မိုးစပါးရေ ပိုလျှံလို လောက်သည့်အပြင် မိုးကောင်း၍ ရေကြီးသဖြင့်လည်းကောင်း၊ မိုးနှောင်းအခါလွန်မိုးများကြောင့် လည်းကောင်း၊ လေလွင့်ဆုံးရှုံးမှုများ ကြုံတွေ့ခံစားကြရသည်။ ယခု မိုးဦးမိုးကြောင့်လည်း စပါး ကြဲခင်း၊ ပျိုးခင်းများ ပျက်စီးပါသည်။

ထုံးတပိုအောက်ကျေးရွာတွင် လယ်မြေဧက (၄၃၈.၈၅)ဧက ရှိပြီး မိုးစပါး၊ ဆောင်းသီးနှံ ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်းတို့ကို အဓိကထားစိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံမြေမရှိ၊ နွားကျွဲ စားကျက်မြေ သီးသန့်မရှိ၊ ကိုင်းမြေ(၁၆၆.၅)ဧက ရှိပါသည်။ ကိုင်းတောင်သူများ ပြောင်း၊ ပြောင်း၊ ပြပ်၊ ဖရဲ၊ ပဲမျိုးစုံစိုက်ပျိုး ကြသည်။ ထုံးတပိုအောက်ရွာနှင့်နီးသော သဘာဝဓါတ်ငွေ့တွင်းများသည် ဇလွန်မြို့နယ်အတွက် G.D.P ဖြစ်သော သဘာဝသယံဇာတအရင်းအမြစ်များဖြစ်သည်။

ချောင်းနှင့် အင်းအိုင်များသည်လည်း ရေချိုငါးပုဇွန်အခြေခံကောင်းများဖြစ်ကြသည်။ ကျေးရွာတွင် သဘာဝအလေ့ကျပေါက်သော တိုင်းရင်းဆေးပင်(၂)မျိုးတွေ့ရှိရပါသည်။ မိချောင်း ကွမ်းဖက်ပင်နှင့် ပင်စိမ်း ရိုင်းများ ထူထပ်စွာ ပေါက်ရောက်ပါသည်။ သဘာဝ မျိုးစိတ်တိရစ္ဆာန်များ မရှိသလောက် နည်းပါးပါသည်။

**၄။ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

**(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

ထုံးတပိုအောက်ကျေးသည် ကျေးရွာ၏ဖွဲ့စည်းပုံအရ သီးခြားရပ်ကွက်(၂)ခုသဖွယ် တည်ရှိနေသဖြင့် ကျေးရွာတွင် သာရေး၊ နာရေးအတွက် သီးသန့်ဖွဲ့စည်းထားသော အဖွဲ့အစည်း (၂)ခု ရှိပါသည်။ ဘာသာရေး အတွက် ဘုန်းကြီးကျောင်းဂေါပက၊ ဘုရားဂေါပက၊ မိဘဆရာအသင်း(ဝါ) ကျောင်းအကျိုးတော်ဆောင် အဖွဲ့များရှိပါသည်။ သို့သော် ကိစ္စရပ်တိုင်း ကျေးရွာလူထုစုပေါင်းပါဝင် ဆောင်ရွက်ကြပါသည်။ နာရေး ကိစ္စ များပေါ်ပေါက်လာလျှင်လည်း ဒေသဓလေ့အတိုင်း မြေမြှုပ်ခြင်း၊ မီးသဂြိုလ်ခြင်းပြုလုပ်ကြရာတွင်အခက် အခဲများရှိပါသည်။ သုသာန်ကုန်းတော့ရှိပါသည်။ သဂြိုလ် စက်နှင့် ဆက်စပ်ပစ္စည်းများ လိုအပ်နေ ပါသည်။ မြန်မာ့သဘာဝဓါတ်ငွေ့တွင်းကုန်းကြီး စွန့်ပစ်ထားပါသည်။ ဓါတ်ငွေ့မထွက်ရှိပါ။ လူငယ်များ လေ့ကျင့်ရန် ယာယီအားကစားကွင်း ဖန်တီးပေးနိုင်လျှင် သင့်တော်မည်ထင်ပါသည်။ ဗုဒ္ဓဘာသာဝင်များ ဖြစ်ခြင်းကြောင့် ရာသီအလိုက် ဘာသာရေး၊ ယဉ်ကျေးမှုပွဲများ၊ ဝါတွင်းဥပုသ်သီတင်း၊ ကထိန်၊ မီးထွန်းပွဲ၊ ဘုရားပွဲ၊ သင်္ကြန်ပွဲများ၊ မြန်မာ့ ယဉ်ကျေးမှုအစဉ်အလာထိန်းသိမ်းခြင်း၊ လက်ဆင့်ကမ်းမျှဝေခြင်းများကို လူကြီး၊ လူငယ် ပူးပေါင်း ပါဝင်ကြပါသည်။

**(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

ထုံးတပိုအောက်ကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြပါသည်။ အိမ်ထောင်စု ဦးရေ ၏(၃၂.၈၅%)သာ မြေပိုင်ဆိုင်ကြပါသည်။ မြေယာမဲ့အိမ်ထောင်စုမှာ (၆၆.၁၉%)ရှိပါသည်။ မြေယာပိုင်ဆိုင် မှုအရွယ်အစားမှာလည်း (၂.၅)ဧကအောက်ဆင်းရဲသားတောင်သူ(၂.၉%)၊ (၂)ဧကနှင့် (၅)ဧကကြား

တောင်သူငယ် (၈.၅၇%)၊ တောင်သူလတ် (၁၆.၁၉%)သည် (၅)ဧကမှ (၁၂.၅)ဧက အထိ ပိုင်ဆိုင်ကြသည်။ (၁၂.၅)ဧကနှင့်အထက် တောင်သူကြီး အလွန်နည်းပါးသည်။အိမ်ထောင်စုဦးရေ၏ (၅.၂၄%)သာ ရှိပါသည်။ အများစုကြွေးပိနေကြပါသည်။

ထုံးတပိုအောက်ကျေးရွာသည် နှစ်စဉ်သုံးကြိမ်ရေကြီးနစ်မြုပ်မှုကြောင့် တောင်သူများနစ်နာ ရပါသည်။ ရေကျပြီး ဆောင်းသီးနှံများ ပဲရစ်၊ ငမြောင်တောင်၊ ကြွက် စသော ပိုးမွှားများ ဖျက်ဆီးခံရပါသည်။



မိုးစပါးထွက်နှုန်းမှာ ပျမ်းမျှတင်း(၅၀)ဝန်းကျင်သာရှိပါသည်။ နွေစပါးမစိုက်နိုင်ပါ။ သဘာဝဓါတ်ငွေ့တွင်း နှင့် ရေနံတာ၊ တူးမြောင်းများကြောင့် စိုက်ပျိုးမြေများ လျော့လာပါသည်။

တောင်သူများ လယ်ယာသုံးစက်ကရိယာပိုင်ဆိုင်မှုနည်းပါးသည်။ လက်တွန်းထွန်စက်ငယ် လေးများ ပိုင်ဆိုင်ကြသည်။ တရုတ်နိုင်ငံထုတ်ဖြစ်ခြင်း၊ ပျက်စီးမှုမကြာခဏဖြစ်ခြင်း၊ အပိုပစ္စည်း ဈေးကြီးခြင်းများ ကြောင့် ခရီးတွင်ခြင်းမရှိသေးပါ။ ထွန်စက်ကြီးများကို အခြားဒေသမှ ငှားရမ်း သုံးစွဲကြရပါသည်။(၁)ဧကအ တွက် တစ်စပ်ထွန်(၁၄၀၀၀ကျပ် မှ ၁၆၀၀၀ကျပ်အထိ)ပေးငှားကြရပါသည်။

ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူဦးရေမှာလည်း ဒေသထွက်ကုန်များကို တစ်ဆင့်ဝယ်ရောင်းပြီး အဖျောက်မြို့၊ ဇလွန်မြို့တို့နှင့်သာ ဆက်ဆံကြခြင်းဖြစ်ပါသည်။ အကျိုးအမြတ်နည်းပါးပါသည်။ မြေယာမဲ့ အိမ်ထောင်စုဝင်များသည် ကျပန်းအလုပ်သားအများစုဖြစ်သည်။

ရာသီအလိုက်သီးနှံပေါ်ချိန် နေ့စားအခစားများ၊ လယ်ကူလီများ၊ ကုန်သယ်လုပ်သား/အလုပ် သမများ၊ တစ်နိုင်တစ်ပိုင် ငါး/ပုဇွန်၊ ငါးရှည့်ရှာ၊ ရေလုပ်သားများ၊ ခေါင်းရွက်ဈေးသည်များ၊ ကုန်မျိုး စုံ၊ အိမ်ဆိုင်ကလေးများ စသဖြင့် ဝမ်းစာရှာဖွေကြပါသည်။ အချို့လူငယ်များ ရန်ကုန်နှင့် အခြား မြို့ ကြီးများသို့ ထွက်ခွာ၍ အထည်ချုပ်၊ ဈေးရောင်း၊ စားပွဲထိုး အလျဉ်းသင့်ရာ စီးပွားရှာကြ သူလည်းရှိပါသည်။ ထုံးတပိုအောက်ကျေးရွာ၏ အိမ်ထောင်စုများ၏ ဆင်းရဲချမ်းသာကွာဟမှုတမူ မရှိပါ။ ပိုင်ဆိုင်မှုလည်း ထိုနည်းအတိုင်းဖြစ်ပါသည်။

အိမ်ထောင်စုအများစု ဝင်ငွေနည်းပြီး ထွက်ငွေများခြင်း၊ ပညာတတ်နည်းခြင်း၊ ဗဟုသုတ နည်းပြီး ပြင်ပအကူအညီများ ထိထိရောက်ရောက်မရရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ အခြေခံအဆောက် အဦများမရှိသေးခြင်းများကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေရပါသည်။

ထုံးတပိုအောက်ကျေးရွာနှင့်နီးစပ်သောကျေးရွာများအတွက် အဓိကအခက်အခဲမှာ လမ်းမကောင်း ခြင်းဖြစ်ပါသည်။ ဆည်မြောင်းတာတမံပေါ်မှသာ စက်ဘီး၊ ဆိုင်ကယ်ဖြင့် အဖျောက်မြို့သို့ ရောက်ပါသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းအဖြစ် စက်လှေငယ်များ၊ ဆိုင်ကယ်၊ ကယ်ရီ သမားများ၊ စက်ဘီး ဝွခြင်းဖြင့်ဈေးရောင်းဈေးဝယ်များ၊ ခေါင်းရွက်ဈေးသည်များ၊ အိမ်ဆိုင်ငယ်လေးများပေါ်များလာပါသည်။ အခြားကျပန်း၊ နေ့စားအလုပ်သမားများမှာ စပါး၊ ပဲ၊ ပြောင်း စိုက်ပျိုးရေးလုပ်ငန်းများတွင်သာ ရာသီ အလိုက် လုပ်ကိုင်စားသောက်နေကြရပါသည်။

အခြေခံလျှပ်စစ်မီးနှင့် ကားလမ်းများရှိလာပါက ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ဒေသ ထွက်ကုန်များမှ ကုန်ချောထုတ်နိုင်မည်။ ဆန်၊ ပဲ၊ ပြောင်းတို့မှ မွေးမြူရေးအစာအဆင့် ထုတ်နိုင်လျှင် လုပ်သားများဝင်ငွေပိုလာမည်။ နေရပ်အားစွန့်ခွာ၍ အလုပ်ထွက်လုပ်ဖို့ မလိုအပ်ခြင်း၊ ဈေးနှုန်းသက်သာ

စွာဖြင့် မွေးမြူရေးသမားများ ဝယ်သုံးနိုင်ခြင်း၊ တောင်သူများသီးနှံဈေးနှုန်း အမြင့်ဆုံးရရှိကြခြင်းများ ခံစားကြရပါမည်။ရေလုပ်သားများ အများပိုင် ချောင်း၊အင်းများ လိုအပ်နေပါ သည်။ မွေးမြူရေးအစာစက်ရုံများ ဒေသကုန်ကြမ်းများကို အသုံးပြုစေခြင်းဖြစ်ပါသည်။

အခြားဒေသထွက်ကုန်ကြမ်းများဖြစ်သော ရိုးပြတ်၊ ပြောင်းရိုးတို့မှ အိမ်တွင်းလက်မှုလုပ်ငန်းငယ်လေးများဖြင့် အပိုဝင်ငွေရရှိစေခြင်းဖြင့် ဒေသဖွံ့ဖြိုးလာနိုင်ပါမည်။



## (ဂ)အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

ထုံးတပိုအုပ်စု၊ ထုံးတပိုအောက်ကျေးရွာ၊ ထုံးတပိုအထက်ကျေးရွာ၊ ရေလဲကျေးရွာချင်းဆက်လမ်းသည် ကိုယ်ထူကိုယ်ထဆောင်ရွက်ထားသော ကွန်ကရစ်လမ်းဖြစ်ပါသည်။ ထုံးတပိုအောက် ကျေးရွာရွာလမ်းသည် အကွေ့အကောက်များခြင်း၊ (၄ပေ)သာကျယ်သောလမ်းများဖြစ်ခြင်းကြောင့် ထော်လာဂျီကားများ ဝင်ခွင့်၊ မောင်းခွင့်မရပါသည်။

ကျေးရွာမှ အိမ်ထောင်စုအနည်းစုသာ ဆိုလာအနည်းငယ်အသုံးပြုကြပြီး အိမ်ထောင်စု အများစုမှာ ဖယောင်းတိုင်၊ ဘက်ထရီအိုးတို့သာ အသုံးပြုလျက်ရှိကြသည်။ ဒီဇယ်အင်ဂျင်သုံးစွဲနိုင်မှု ဦးရေနည်းပါးသည်။ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိစေခြင်း၊ လမ်းအဆင့်မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးနိုင်လျှင် ဖွံ့ဖြိုးတိုးတက်မှုရရှိလာမည်ဖြစ်ပါသည်။

မိုဘိုင်းဖုန်းကို အိမ်တိုင်းနီးပါး ကိုင်ဆောင်နေကြပါသည်။ တာဝါတိုင်များလည်းရှိခြင်းကြောင့် ဖုန်းလိုင်းများလည်းကောင်းမွန်ပါသည်။ သို့သော် သတင်းစာ၊ ဂျာနယ်ဝယ်ယူဖတ်ရှုနိုင်မှု၊ အင်တာနက် သုံးစွဲမှုမထိရောက်၊ နည်းပါးမှုတို့ကြောင့် ဗဟုသုတ၊ နည်းပညာဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့ ပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ထုံးတပိုအောက်ကျေးရွာမှ တောင်သူများ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေချေးယူ သုံးစွဲကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းသွင်းအားစုများအတွက် မလုံလောက်ပါ။ သမချေးငွေများ ချေးယူ သုံးစွဲခြင်း (UNDP) ချေးငွေ၊ ဆင်းရဲသားချေးငွေအပြင်၊ ပြင်ပအတိုးနှုန်းအမျိုးမျိုးဖြင့် စိုက် ပျိုးရေး၊ ရိက္ခာ၊ ဝင်ငွေရလုပ်ငန်းများအတွက် သုံးစွဲကြရပါသည်။ ကာလတိုချေးငွေများဖြစ်ခြင်း၊ ငွေ ပမာဏနည်းခြင်းများ ကြုံတွေ့ရသည်။ စိုက်ပျိုးမြေ(၁)ဧကကုန်ကျစရိတ်နှင့် မကာမိကြပါ။ မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ကျေးရွာတစ်ရွာလုံး လိုလားနေကြသည်။ လုပ်သားနှင့် ကျပန်းလုပ်သော အိမ်ထောင်စုများသည် တောင်သူများထက် ကြွေးမြီတင်ရှိမှု နည်းကြပါသည်။

## (င) ပညာရေး

ထုံးတပိုအောက်ကျေးရွာတွင် ရွာထိပ်၌ မူလတန်းကျောင်းတစ်ကျောင်းရှိပါသည်။ ကျောင်းသူ၊ ကျောင်းသား(၂၁၅)ယောက်ရှိပါသည်။ ကျောင်းသား(၁၀၃)ယောက်၊ ကျောင်းသူ(၁၁၂) ယောက်ဖြစ်ပါသည်။

ကျေးရွာရွာမူလတန်းကျောင်းတွင် ထုံးတပိုအောက်စုကျေးရွာ၊ ထုံးတပိုအောက်ကျေးရွာ၊ ထုံးတပိုအထက်ကျေးရွာမှကလေးများ စာသင်ကြားနေကြပါသည်။ ထုံးတပိုအောက် ကျေးရွာမှ ကျောင်းသား(၆၁)ယောက်၊ ကျောင်းသူ (၃၄) ယောက် ရှိပါသည်။ အ.မ.က ထုံးတပိုတွင် ဝန်ထမ်းဆရာမကျောင်းအုပ်ကြီး(၁)ဦး၊ သင်ကြားရေး ကျောင်းဆရာ(၁)ဦး၊ ဆရာမ(၄)ဦး၊ လုပ်သား (၁)ဦး၊ စုစုပေါင်း(၇)ဦးရှိပြီး ဖွံ့စည်းပုံအရ လစ်လပ် ဆရာ(၁)ဦး လိုအပ်ပါသည်။ နယ်ဝေးဆရာ၊ ဆရာမများအတွက် ဝန်ထမ်းဆောင်လိုအပ်ပါသည်။

မူလတန်းကျောင်းတွင် ကျောင်းဆောင်(၂)ဆောင်ရှိပါသည်။ ကျောင်းဆောင်(၁)မှာ (၇၀'x ၂၄') အုပ်ညှပ်၊ သစ် တိုင်၊ သွပ်မိုး၊ အုပ်နံရံနှင့် သင့်တင့်သောအခြေအနေတွင် ရှိနေပါသည်။ ကျောင်း ဆောင်(၂)မှာ (၇၀'x၂၄')(ခန့်မှန်း) ကျောင်းဆောင်ဟောင်းကြီးမှာ ယိုယွင်းနေပါသည်။ ပျဉ်ကာ၊ သစ်တိုင်များဆွေးမြေ့နေပါသည်။ ပညာရေးဌာနမှ ဦးစားပေးကျောင်းဆောင်စာရင်းတွင် ပါဝင်ပြီး ခွင့်ပြုချက်ရယူပြီးဟု သိရှိရပါသည်။



ကျောင်းဝန်းအတွင်း ကျောင်းအားကစားကွင်းရှိပါသည်။ ခြံစည်းရိုး၊ သံဇကာကာပြီး ဂိတ်တံခါးလုံခြုံပါသည်။ (၂)ခန်းတွဲအိမ်သာ(၂)လုံး၊ ကျောက်ခွေသုံးခန်းတွဲ သစ်သားအိမ်သာ(၁)လုံး ရှိပါသည်။ကျောင်းသားကျောင်းသူဦးရေနှင့် သင့်တင့်မျှတပါသည်။ ကျောင်းဆောင်(၂)ခုကြားတွင် လက်နှိပ်တုံကင် (၁)လုံးရှိပါသည်။ ကျောင်းသုံးပရိဘောဂ၊ အလံတိုင်များလည်း သင့်တင့်စွာရှိပါ သည်။ မူလတန်းကျောင်း ကလေးငယ်များအတွက် အာဟာရတိုက်ကျွေးမှုများလည်း ရံဖန်ရံခါရှိ ပါသည်။

ရေလဲ(အ.ထ.က)ကျောင်းသို့ ထုံးတပိုအောက်ကျေးရွာမှ သွားရောက်ပညာသင်ကြားသူ အလယ်တန်း ကျောင်းသား(၂၂)ဦး၊ ကျောင်းသူ(၃၂)ဦး၊ အထက်တန်းကျောင်းသား(၁၄)ဦး၊ ကျောင်းသူ(၁၇)ဦး ရှိပါသည်။ တက္ကသိုလ်နှင့်အဝေးသင် ကျောင်းသား(၇)ယောက်၊ ကျောင်းသူ(၁၆) ယောက်လည်းရှိပါသည်။ ထုံးတပို အောက်ကျေးရွာတွင် ကျောင်းဆရာ၊ဆရာမ(၅)ဦးရှိသည့်အနက် ရွာခံကျောင်းတွင် ကျောင်းဆရာ (၁)ဦး၊ ဆရာမ(၂)ဦး၊ ရေလဲ(အ.ထ.က)ကျောင်းတွင် ဆရာမ(၂)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ နယ်ဝေး တွင် နိုင်ငံတာဝန်ထမ်းဆောင်နေသော ဘွဲ့ရ ကျား(၂)ဦး၊ မ(၁)ဦးရှိပါသည်။

ထုံးတပိုအောက်ကျေးရွာတွင် အ.မ.ကစာသင်ကျောင်းအကျိုးတော်ဆောင်အဖွဲ့(၂)ဖွဲ့ ရှိပါ သည်။ အမှုဆောင်အသစ်ဖွဲ့စည်းဆောင်ရွက်ကြပါသည်။ ကျောင်းသားမိဘများလဲ ပူးပေါင်းကူညီကြပါသည်။ အန္တရာယ်ရှိကျောင်းဆောင်ကြီးအား ဖျက်၍ ပြန်ဆောက်ရေးကိစ္စ၊ ယာယီကျောင်းဆောင်ကိစ္စ၊ လစ်လပ်နေသော ဆရာတစ်ယောက်ကိစ္စ၊ ဝန်ထမ်းဆောင် ဆောက်လုပ်ရေးကိစ္စများအတွက် ညှိနှိုင်းအစည်းအဝေးပွဲများ အဓိကထားဆွေးနွေးစီမံနေကြပါသည်။

**(စ)ကျန်းမာရေး**

ထုံးတပိုအောက်ကျေးရွာ ရွာသူရွာသားများ ကျန်းမာရေးအများစုကောင်းမွန်သည်ဟု စာရင်းဇယားကောက်ယူမှုအရ သိရှိရပါသည်။ လတ်ဆတ်သောသီးနှံများ၊ ရေချိုငါးပုဇွန်များ သင့်တင့်စွာ စားသုံးကြရပါသည်။

မွေးကင်းစနှင့် ကလေးငယ်များ သက်တမ်းအလိုက် ကာကွယ်ဆေးများ ရရှိကြပါသည်။ သောက်သုံးရေအတွက်လည်း တုံကင်များ နီးစပ်ရာတွင် အလွယ်တကူရရှိနိုင်ကြပါသည်။ ရေကောင်း ရေသန့်အသင့်အတင့်ရရှိကြသဖြင့် ဝမ်းပျက်ဝမ်းလျှောနှင့်အရေပြားရောဂါများခံစားရမှု အနည်းအကျဉ်းရှိပါသည်။ မိုးတွင်းရေကြီးချိန်တွင်သာ ရေကြောင့်ဖြစ်သောရောဂါများ ရရှိခံစားကြရပါ သည်။ မိုးရာသီ (၂)လခန့်ကလေးငယ်များတုတ်ကွေး၊ သွေးလွန်တုတ်ကွေးရောဂါများ ကျရောက်လေ့ရှိပါသည်။ သို့သော် ရေလဲတိုက်နယ်ဆေးရုံသို့ သွားရောက်ကုသခံသဖြင့် သေဆုံးမှုအလွန်နည်းပါးသည်။

ထုံးတပိုအောက်ကျေးရွာတွင် ရေတုံကင်တွင်းများ အသင့်အတင့်ပေါပါသည်။ ချောင်းရေ၊ မြစ်ရေများသည် မသန့်ရှင်းပါ။ အိမ်ထောင်စုအများစု ယင်လုံအိမ်သာသုံးစွဲကြသော်လည်း ရေကာတာအပြင်နေထိုင်သော အိမ်ထောင်စုတစ်ချို့ရှိပါသည်။ ထိုအိမ်ထောင်စု အနည်းငယ် ယင်မလုံအိမ်သာများကြောင့် ရေညစ်ညမ်းပြီး ဆိုးကျိုးများသက်ရောက်လာနိုင်ပါသည်။

ကျေးရွာအတွင်းတွင် အမျိုးသမီးအနာကြီးရောဂါသည်တစ်ဦးရှိသော်လည်း ပိုမိုဆိုးဝါးလာနိုင်မည့်အခြေအနေမရှိပါ။ ခန္ဓာကိုယ်မသန်စွမ်းကျား(၂)ဦး၊ မ(၁)ဦးရှိပါသည်။ သီးခြားထောက်ပံ့မှု အစီအစဉ်များ မရရှိကြပါ။ ညဏ်ရည်မဖွံ့ဖြိုးသော လူငယ်ကျား(၃)ဦးရှိသည့်အနက် တစ်ဦးမှာ စာမတတ်မြောက်ပါ။ အသက်ရှူလမ်းကြောင်းနှင့်ပတ်သက်သော အမျိုးသားပန်းနာသည်(၁)ဦးလည်း တွေ့ရှိရပါသည်။



### (ဆ)ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ထုံးတပိုအောက်ကျေးရွာတွင် သဘာဝဓါတ်ငွေ့တွင်းများစွာရှိပါသည်။ ဒေသအတွက် အကျိုးခံစားမှုမရရှိကြပါ။ ကျေးရွာသည် မြေနိမ့်ရေမြုပ်ဧရိယာများပါသည်။ လေမုန်တိုင်းနှင့် ရေကြီးနစ်မြုပ်မှုကို နှစ်စဉ်ကြုံတွေ့ခံစားကြရပါသည်။

တောင်သူများသုံးစွဲသော သဘာဝမြေဩဇာနည်းပါးသည်။ ဓါတုမြေဩဇာ၊ ဓါတုရွက်ဖြန်းဆေး၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများ အန္တရာယ်ကြီးမားပါသည်။ အိတ်ခွံ၊ ဗူးပုလင်းခွံများ နေရာအနှံ့တွေ့ရသည်။ မြေဆီလွှာပျက်စီးစေခြင်း၊ ရေနေသတ္တဝါမျိုးစုံနှင့် ငါး၊ ဖား၊ ငါးရှဉ့်များ ရှားပါးခြင်း၊ ပိန်လှီသေးကွေးခြင်း၊ မျိုးတုံးလုဖြစ်နေခြင်းများ ကြုံတွေ့နေရသည်။

အင်းများ၊ ချောင်းများ၊ ရိုးများ၊ အိုင်များပေါ်သော်လည်း ရေချိုငါးဖမ်းရေလုပ်သားများ တစ်နိုင်တစ်ပိုင်ရှာဖွေစားသောက်ခွင့် ကျဉ်းမြောင်းပါသည်။

### (ဇ)ကျား – မ ရေးရာ

ကျေးရွာအတွက် ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ အုပ်ချုပ်ရေးမှူးများ ရွေးကောက် တင်မြှောက်ပွဲတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ရွေးချယ်ကြပါသည်။ အမျိုးသမီးဆယ်အိမ်မှူး (၁)ဦးပါဝင်သည်ကို တွေ့ရှိရပါသည်။ ကျေးရွာအတွက် ရေဘေးကယ်ဆယ်ရေးကိစ္စ၊ လမ်းခင်းခြင်းလုပ်ငန်း၊ ရာသီအလိုက်ပွဲတော်များတွင် အမျိုးသမီးထုခေါင်းဆောင်ခဲ့သော အခြေအနေများစွာရှိပါသည်။ အမျိုးသားများနှင့် ရင်ဘောင်တန်းပဝင်နိုင်ကြပါသည်။

ထုံးတပိုအောက်ကျေးရွာတွင် လုပ်အားခမှလွဲ၍ အခြားကဏ္ဍများတွင် ကျားမတန်းတူ အခွင့်အရေးတူညီပါသည်။ ရပ်ရေးရွာရေးကိစ္စရပ်များတွင် အမျိုးသမီးများ တန်းတူပါဝင်ခွင့်ရကြပါသည်။

ဆယ်အိမ်မှူး အမျိုးသမီး(၁)ဦးရှိပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း အမျိုးသမီး အများစု တက်ကြွစွာပါဝင်ကြပါသည်။

လုပ်အားခငွေမှာ အမျိုးသား(၇၀၀၀ကျပ်)နှုန်းမှ(၁၀၀၀၀ကျပ်)အထိ၊ မျိုးသမီး(၅၀၀၀ကျပ်) မှ (၇၀၀၀ကျပ်)အထိ ရကြပါသည်။ ကျွမ်းကျင်မှုနှင့် ခွန်အားလုပ်အားခ နှုန်းထားများပေါ်တွင် မူတည်ပြီးမှ ရခြင်းဖြစ်ပါသည်။

ကုန်ထမ်းလုပ်သားများမှာ ကျားမအချိုးညီစနစ် ရရှိခံစားကြရပါသည်။ စုပုံရှင်းစနစ်ဖြစ် သည်။ အမျိုးသမီးရေးရာအကြမ်းဖက်ခံရမှု တစ်ရံတစ်ခါရှိခဲ့စဉ်ကလည်း ဥပဒေနှင့် တရားမျှတမှု အတွက် ကျားမပူးပေါင်းပါဝင်ကူညီခဲ့ကြပါသည်။ခွဲခြားဆက်ဆံမှုမရှိကြပါ။

## ၅။ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***လမ်းပန်းဆက်သွယ်ရေး*** | | | | | |
| | ၁။ ကျေးရွာတွင်းလမ်းနှင့် လမ်းသွယ်အားကွန်ကရစ် ခင်းခြင်းလုပ်ငန်း | ၈၀ | ၁ | –ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၁၁၀၀' x၄'x ၆")၊ ကျေးရွာလမ်းသွယ်ကွန်ကရစ်ခင်းခြင်း(၄၅၀' x၆'x ၆") | ကျေးလက် ဦးစီး |
| ***မီးလင်းရေး*** | | | | | လျှပ်စစ် |
| | ၂။ မဟာဓါတ်အားလိုင်းဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း | ၇၆ | ၂ | –ဆင်းရဲသားအိမ်ထောင်စုများသောကြောင့်အိမ်ထောင်စု လျှပ်စစ် အချို့သာဆိုလာစနစ်သုံးစွဲနိုင်ပြီးအများစုမှာ ဖယောင်း တိုင်မီးများသာသုံးစွဲနေရပါသဖြင့် လျှပ်စစ်မီးအကောင် အထည်ဖော်ဆောင်ရွက်လိုခြင်း | |
| ***အဆောက်အဦ*** | | | | | |
| | ၃။ သဂြိုလ်စက်နှင့်ဆက်စပ် ပစ္စည်းများလိုအပ်ခြင်း | ၆၀ | ၃ | –လက်ရှိကျေးရွာတွင် သဂြိုလ်စက်ပြုလုပ်ရန်အတွက် ကျေးလက် အဆောက်အဦနှင့် ခေါင်းတိုင်ရှိပြီးဖြစ်ရာ ခေါင်းတိုင်မှာ ဦးစီး နိမ့်နေသဖြင့် ကျန်းမာရေးအတွက် အခိုးအငွေ့များဖြင့် အဆင်မပြေ၍ သဂြိုလ်စက်နှင့်ဆက်စပ်ပစ္စည်းများ (အင်ဂျင်စက်၊ ခေါင်း၊ နည်းပညာ)အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | |

*ပညာရေး*



| | | | |
|---|---|---|---|
| ၄။ မူကြိုဆောင်နှင့်ဝန်ထမ်းဆောင်ဆောက်လုပ်ခြင်း | ၅၀ | ၄ | – ကျေးရွာတွင်မူကြိုအရွယ်ကလေးငယ်များများပြားလာသဖြင့် မူကြိုဆောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း |

## ထုံးတပိုအုပ်စု၊ ထုံးတပို(အောက်)ကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်းပန်းဆက်သွယ်ရေး** | | | | | |
| | • လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊သွားလာရန်ခက်ခဲခြင်း | • ရွာတွင်းလမ်းမှာကွန်ကရစ်လမ်းဖြစ်ပြီးပေအကျယ်ကျဉ်းခြင်း၊ပေါက်ပြဲနေခြင်း<br>• ရွာလမ်းသွယ်မှာမြေသားလမ်းဖြစ်ခြင်း | • ကျေးရွာသူကျေးရွာသားများ၏လုပ်အားလုံလောက်မှုရှိခြင်း<br>• ငွေကြေးထည့်ဝင်မှုရှိခြင်း | • ဆင်းရဲသောအိမ်ထောင်စုများသောကြောင့် ငွေကြေးတတ်နိုင်မှု အားနည်းခြင်း | • သက်ဆိုင်ရာလမ်းဦးစီး ဌာနနှင့်ကျေးလက်ဦးစီးဌာန၊အဖွဲ့ အစည်း၊အလှူရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | • ရွာလမ်းအားရာသီမရွေးအဆင်ပြေစွာဆက်သွယ်သွားလာနိုင်စေရန်ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း |
| ၂ | **မီးလင်းရေး** | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | • **လျှပ်စစ်မီးအသုံး မပြုနိုင်ခြင်း**<br>• | • ငွေကြေးမတတ်နိုင်<br>• ခြင်း | • | • | • **သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်ဌာန၊ ကျေးလက်ဦးစီးဌာနတို့ အား တင်ပြ တောင်းခံခြင်း၊**<br>• **အလှူရှင်နှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း** | • မဟာဓါတ်အားလိုင်းဖြင့် ကျေးရွာမီးလင်းရေး အကောင်အထည်ဖော် ဆောင်ရွက်လိုခြင်း<br>• |
| ၃ | **အဆောက်အဦ** | | | | | |
| | • ညှော်နံခြင်း<br>• ကျန်းမာရေး ထိခိုက်ခြင်း | • ခေါင်းတိုင်နိမ့် နေခြင်း<br>• ပြည်သူများညှော်န နံခြင်း | • သဂြိုလ်စက် ဆောက်လုပ်ရန် အဆောက်အဦ နှင့် ခေါင်းတိုင် ဆောင်ရွက်ထား ပြီးဖြစ်ခြင်း | • ငွေကြေးမတတ် နိုင်ခြင်း | • အလှူရှင်များ၊ ကျေးလက်ဦးစီးဌာန၊ နည်းပညာရှင်များနှင့် ရှာဖွေချိတ်ဆက်အကူ အညီတောင်းခံခြင်း | • သဂြိုလ်စက်နှင့်ဆက်စပ် ပစ္စည်းများ(အင်ဂျင်စက်၊ ခေါင်းတိုင်၊နည်းပညာ) တင်ပြတောင်းခံခြင်း |
| ၄ | **ပညာရေး** | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | • မူကြိုကလေးများ စာသင်ခွင့်မရှိခြင်း<br>• ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ်စာမသင်နိုင်ဘဲ အိမ်မှာသာနေရခြင်း<br>• မိဘများအလုပ်မလုပ်ရဘဲကလေးထိန်းနေရခြင်း<br>• ရပ်ဝေးမှဝန်ထမ်းများ တည်းခိုရေးအခက်အခဲရှိခြင်း | • မူကြိုအရွယ်များပြားပြီး ကျောင်း အဆောက်အဦမလုံလောက်ခြင်း<br>• ဝန်ထမ်းဆောင် မရှိခြင်း | • မြေနေရာအသင့်အတင့်ရှိခြင်း၊ ကျောင်းဝန်းကျယ်ခြင်း၊ အားကစားကွင်းရှိခြင်း | • | • ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ တင်ပြတောင်းခံခြင်း | • ပညာရေးဌာနနှင့် ချိတ်ဆက်၍ မူကြိုဆောင်နှင့် ဝန်ထမ်းဆောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း |

**ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၈ | ၆ | ၁၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၉ | ၂၉ | ၅၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၅၉ | ၂၈ | ၈၇ |
| ၁၀ နှစ်မှ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၉ | ၄၆ | ၈၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၇၂ | ၂၈၀ | ၅၅၂ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၄ | ၃၀ | ၅၄ |
| **စုစုပေါင်း** | | **၄၃၁** | **၄၁၉** | **၈၅၀** |
| **စုစုပေါင်း အိမ်ထောင်စု** | | ၂၁၀ | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ထိုးတပိုအောက်ကျေးရွာတွင် **အိမ်ထောင်စုပေါင်း (၂၁၀)အိမ်၊ လူဦးရေစုစုပေါင်း (၈၅၀)ဦးရှိပါသည်။ အမျိုးသားဦးရေ(၅၁)** %၊ အမျိုးသမီးဦးရေ(၄၉) %ရှိသဖြင့် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်(၂)%ပိုများသည်။ မူလတန်းနှင့် အလယ်တန်းကျောင်းနေအရွယ်ကျောင်းသား ကျောင်းသူ(၂၀)%ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်(၁၅နှစ်မှ ၆၄နှစ်အထိ) (၆၅)%ရှိပါသည်။ ထို့ကြောင့်လုပ်သားအင်အားများပြားပါသည်။ သက်ကြီးရွယ်အိုအရေအတွက် (၆)%ရှိပြီး အသက်(၈၀) နှစ်အထက် အသက်ရှည်သူများဖြစ်ကြပါသည်။

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ**

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၄၃၈.၈၅ | သင့် | ရ | မြေအောက်ရေ၊ မိုးရေ |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| ကိုင်း/ကျွန်းမြေ | ၁၆၆.၅ | သင့် | ရ | မြေအောက်ရေ၊ မြစ်ချောင်း |
| စားကျက်မြေ | | | | |
| စုစုပေါင်း | ၆၀၅.၃၅ | | | |



မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ထုံးတပို(အောက်)ကျေးရွာတွင် လယ်၊ကိုင်းကို အဓိကထားလုပ်ကိုင်ကြပြီး လယ်မြေဧက(၄၃၈ဧက)(၇၂)%၊ ကိုင်းမြေဧက(၁၆၆.၅)ဧက (၂၈)% ရှိပါသည်။ လယ်မြေတွင် မိုးစပါး၊ ပဲမျိုးစုံ၊ ပြောင်းသီးနှံများ စိုက်ပျိုးကြပါသည်။ ကိုင်းမြေပေါ်တွင် ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်း၊ ဖရဲ၊ ပြောင်းပြပ်တို့အား အဓိကထား စိုက်ပျိုးကြပါသည်။ မြေဆီမြေသြဇာမှာ သင့်တင့်ကောင်းမွန်မှုရှိပါသည်။ စိုက်ပျိုးရေကိုမြေအောက်ရေ၊ ချောင်းရေ၊ မိုးရေတို့မှရရှိပြီး ရေလုံ လောက်မှုရှိပါသည်။ မြစ်တစ်ဖက် ကမ်းတွင်ရှိပြီး မိုးကောင်းပြီး မြေနိမ့်ဒေသဖြစ်သောကြောင့် မိုးစပါး ရေပိုလျှံလုံလောက်သည့်အပြင် မိုးကောင်း၍ ရေကြီးသဖြင့်လည်းကောင်း၊ မိုးနှောင်းအခါလွန်မိုး များကြောင့်လည်းကောင်း၊ လေလွင့် ဆုံးရှုံးမှု ရှိပါသည်။ ကျေးရွာသည် ရေမြုပ်ကွင်းအရပ်ဒေသဖြစ်၍ ဥယျာဉ်ခြံမြေ၊ နွား၊ ကျွဲ စားကျက်မြေ သီးသန့် မရှိပါ။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | များ | ခက်၊လက်လှမ်းမမီ |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | များ | လက်လှမ်းမီ |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | မရှိ | |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | သင့်၊ နည်း | |
| ပျမ်းမျှအပူချိန် – | ပျမ်းမျှ မိုးရေချိန် – | |

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင် ဓါတ်ငွေ့အများအပြားထွက် ရှိပြီး နိုင်ငံတော်အတွက် အထောက်အပံ့ဖြစ်စေပါသည်။ သဘာဝဓါတ်ငွေ့ကို ပိုက်လိုင်းဖြင့် သက်ဆိုင် ရာဝန်ကြီးဌာနကို တင်ပို့နေပါသည်။ စက်သုံးဆီဒီဇယ်ကို ဇလွန်မြို့၊ အဖျောက်မြို့တို့မှ ဝယ်ယူသုံးစွဲရ သည်။ ဈေးနှုန်းကြီးမားပါသည်။ သဲခုံများပေါများသောကြောင့် ကွန်ကရစ်ဆောက်လုပ်ရေးလုပ်ငန်း များတွင် သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူရရှိပါသည်။ ကျေးရွာတွင် သဘာဝအလေ့ကျပေါက်သော တိုင်းရင်းဆေးပင်(၂)မျိုး တွေ့ရှိရပါသည်။ မိချောင်းကွမ်းဖက်ပင်နှင့် ပင်စိမ်းရိုင်းများ ထူထပ်စွာ ပေါက် ရောက်ပါသည်။ သဘာဝမျိုးစိတ်တိရစ္ဆာန်များ မရှိသလောက်နည်းပါးပါသည်။

၁၆

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | လယ်သမား | ၁☑ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | စွမ်းဆောင်ရည်ကောင်းမွန်ပြီး ခိုင်မာတောင့်တင်းမှုရှိပါသည်။ |
| ၂ | သမဝါယမ အဖွဲ့ | ၁☑၂☐ ၃☐ | ပညာရေး☐ ငွေကြေး ☐<br>ကျန်းမာရေး☑ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | သမဈေးငွေကို တစ်ရွာလုံး နီးပါး ထုတ်ချေးပါသည်။ |
| ၃ | UNDP | ၁☑၂☐ ၃☐ | ပညာရေး ☐ငွေကြေး ☐<br>ကျန်းမာရေး☑ဘာသာရေး ☐ | |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အမျိုးသမီးဦးရေအများစု ချေးပါသည်။ |
| ၄ | ကိုယ်ထူကိုယ်ထ အဖွဲ့ | ၁☐ ၂☑၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | တစ်ရွာလုံးဝိုင်းဝန်းဆောင်ရွက် ကြပါသည်။ |
| ၅ | ဝတ်ရွတ် အသင်း | ၁☐ ၂☐ ၃☑ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေ☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အမျိုးသမီးလူကြီး၊ လူလတ်၊ လူငယ်စုံလင်စွာဖြင့် ဦးရေ(၂၈)ဦးခန့်ဖြင့် အခါကြီး၊ ရက်မြတ်ကြီးများတွင် ရွတ်ဖတ်ပူးဇော်ကြပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင် မြန်မာ့စီးပွားရေးဘဏ်မှ စိုက်ပျိုးရေး ချေးငွေထုတ်ချေးသောလယ်သမားအဖွဲ့၊ ပြင်ပအဖွဲ့အစည်းမှ ငွေကြေးထုတ်ချေးသော သမဝါယမ အသင်းငွေစု ငွေချေးအဖွဲ့၊ UNDP ငွေစုငွေချေးအဖွဲ့အစည်းများရှိကြောင်း တွေ့ရှိရပါသည်။ သာရေး၊ နာရေးနှင့်

ဘာသာရေးကိစ္စရပ်များ အတွက် ကိုယ်ထူကိုယ်ထအဖွဲ့ဟူ၍ တစ်ရွာလုံးဝိုင်းဝန်း ဆောင်ရွက်လေ့ရှိပါသည်။ ဘာသာရေးပိုင်းတွင် အမျိုးသမီး လူကြီး၊ လူငယ်စုံလင်စွာဖြင့် ဦးရေ (၂၈) ဦးဖြင့်ဖွဲ့စည်းထားသော ဝတ်ရွတ်အသင်းလည်းရှိကာ နေ့ကြီးမြတ်ကြီးများတွင် ရွတ်ဖတ်လေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ဘုန်းကြီးကျောင်း ဂေါပကအဖွဲ့၊ မိဘဆရာအသင်းအဖွဲ့တို့ရှိပါသည်။



(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၂ကေအထက် | ၁၂ကေအောက် | ၅ကေအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | ကောင်း | သင့် | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် | ထွန်စက်ငယ်၊ | ၄ွားထွန် | ၄ွားထွန် | မရှိ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| ဆိုင်သော ပိုင်ဆိုင်မှု | မော်တော် | | | |
| အဓိကစီးပွားရေး လုပ်ငန်း | ပွဲစား၊ မော်တော်လိုက် ၊ စိုက်ပျိုးရေး | လယ်၊ ကိုင်း | လယ်၊ကိုင်း၊ ကျပန်း | ကျပန်း |
| အိမ်ထောင်စု | ၁၁ | ၃၄ | ၂၄ | ၁၄၁ |



ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ထုံးတပို(အောက်)ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၁၁)အိမ်(၅)%သာရှိပြီး ပွဲစား၊ မော်တော်လိုက်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းတို့ဖြင့် အဓိကအသက်မွေးသူများဖြစ်ကြပါသည်။ အလယ်အလတ်ရှိအိမ်ထောင်စု(၃၄)အိမ်(၁၆)%ရှိပြီး လယ်နှင့် ကိုင်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ မပြေလည်သောအိမ်ထောင်စု(၂၄)အိမ်(၁၁)% ရှိပြီး အဓိက စီးပွားရေးလုပ်ငန်းအဖြစ် လယ်၊ ကိုင်း၊ ကျပန်းအလုပ်တို့ကို လုပ်ကိုင်ပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စု (၁၄၁)အိမ်(၆၇) %ရှိပြီး ကျပန်းလုပ်ကိုင်စားသောက်ကြပါသည်။ ကျေးရွာတစ်ရွာလုံးတွင် လက်တွန်းထွန်စက်ငယ်လေးများသာပိုင်ဆိုင်ကြပါသည်။ တရုတ်နိုင်ငံထုတ်ဖြစ်ခြင်း၊ ပျက်စီးမှုမကြာ

ခဏာဖြစ်ခြင်း၊ အပိုပစ္စည်းများဈေးကြီးခြင်းများကြောင့် ခရီးတွင်ခြင်းမရှိသေးပါ။ ထွန်စက်ကြီးများကို အခြားဒေသမှ (၁)ကေအတွက် တစ်စပ်ထွန် (၁၄၀၀၀ကျပ်မှ ၁၆၀၀၀ကျပ်အထိ) ငှားရမ်းသုံးစွဲကြရ ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား** (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၄၁ | ၆၇% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၆ | ၃% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ၅ကေထိ(၂ဟတ်တာထိ) | ၁၈ | ၉% | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား ( ၅ဟတ်တာထိ) | ၃၄ | ၁၆ % | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | ၁၁ | ၅ % | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၂၁၀ | ၁၀၀ | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ထုံးတပို(အောက်)ကျေးရွာတွင် အဆင့်(၃)နှင့် အဆင့်(၄) အိမ်ထောင်စုများမှာ ရာသီအလိုက်နေ့စားအလုပ်များ၊ ကုန်သီးနှံပေါ်ချိန် အိတ်သယ်ကူလီ



လုပ်သားများ၊ ရေလုပ်သားများ၊ လက်သမား၊ ပန်းရံလုပ်ငန်းများဖြင့်လည်း အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု(၁၄၁)အိမ်(၆၇)%၊ ဆင်းရဲသားတောင်သူ (၆)အိမ် (၃)%၊ တောင်သူငယ်(၁၈)အိမ်(၉)%၊ အလယ်အလတ်စားတောင်သူ (၃၄)အိမ်(၁၆)%၊ တောင်သူကြီး (၁၁)အိမ်(၅)%ရှိပါသည်။

(၄.၂.၂)    အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစု ပေါင်း စိုက် ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်း ဆုံး | အများ ဆုံး | ပျှမ်း မျှ | |
| မိုးစပါး | ၆၀၅.၃၅ | တင်း | ၅၀ | ၉၀ | ၇၀ | ရေမြုပ်ကွင်း ဖြစ်၍ နှစ်စဉ်ရေမြုပ်ခြင်း၊ သွင်းအားစုမလုံလောက်ခြင်းများကြောင့် အကျိုးအမြတ်ရရှိမှုနည်းပါးပါသည်။ |
| မတ်ပဲ | ၆၀၅.၃၅ | တင်း | ၈ | ၁၂ | ၁၀ | ပိုးမွှားများခြင်း၊ ဆေးဝါးများမှာစံနှုန်းမမီခြင်းတို့ကြောင့် အကျိုးအမြတ်နည်းပါးပါသည်။ |
| ပြောင်း | ၆၀၅.၃၅ | တင်း | ၇၀ | ၁၂၀ | ၉၅ | သွင်းအားစုနှင့် မျိုးစေ့ ဈေးကြီးသောကြောင့် အကျိုးအမြတ်အသင့်အတင့်သာရရှိပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထုံးတပို(အောက်)ကျေးရွာတွင် တောင်သူများသည် တစ်နှစ်(၂)သီးသာ စိုက်ပျိုး နိုင်ပါသည်။ နွေစပါးမစိုက်နိုင်ကြချေ။ တာတမံကာထားသော်လည်း အရှေ့ဘက်မှ လှိုင်မြစ်ရေနှစ်စဉ် ဝင်ရောက်သဖြင့် မိုးစပါးများမှာလည်း နှစ်စဉ်ရေမြုပ်ပျက်စီးခြင်းများ ကြောင့် မျိုးကောင်းမျိုးသန့်များ မရရှိပါ။ သက်ကြီး၊ သက်လတ်၊ ဒေသမျိုးများသာ သုံးစွဲနေကြရပါသည်။ သဘာဝမြေဩဇာ မလုံလောက်၊ နွားရှား လာသောကြောင့်ဖြစ်ပါသည်။ဓါတ်မြေဩဇာများဈေးကြီးခြင်း၊ အရည်အသွေးညံ့ခြင်း၊ စိုက်ပျိုးရေးသုံး စက်ကရိယာမသုံးစွဲနိုင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့စက်မရှိခြင်း၊ ဝင်ရောက်နိုင်ရန်လည်း ကုန်ထုတ်လမ်းမရှိခြင်း၊ ပဲမျိုးစုံတို့တွင် ကြွက်၊ ငါးမြှောင်တောင်ဖျက် ပိုးများကျ၍ ထွက်နှုန်းမကောင်း ခြင်း၊ ဈေးကွက်နှင့် ဈေးနှုန်းမတည်ငြိမ်ခြင်းတို့ကြောင့် အကျိုးအမြတ် နည်းကြပါသည်။ ပြောင်းစိုက်ပျိုး ရာတွင်လည်း



အစေ့ထုတ်ပြောင်းမျိုးစေ့ဈေးအရမ်းကြီးခြင်း၊ ဒေသမျိုး စိုက်မရခြင်း၊ ပြည်တွင်း မထုတ်နိုင်ခြင်း၊ မြေဩဇာနှင့် ရေ(၄)ကြိမ်တင်ရခြင်းတို့ကြောင့် စားရိတ်ကုန်၍ အမြတ်နည်းခြင်းများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**သဘာဝဓါတ်ငွေ့တွင်းနှင့် ရေနံတာ၊ တူးမြောင်းများကြောင့် စိုက်ပျိုးမြေများ လျော့ကျလာကြောင်း လေ့လာတွေ့ရှိရပါသည်။**

**(၄.၃) မွေးမြူရေးလုပ်ငန်း**

**ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၃၆ | ၉၉ |
| **နို့စားနွား** | | |
| **ကျွဲ** | | |
| **မြင်း** | ၁ | ၁ |
| ဝက် | ၃၂ | ၉၆ |
| ကြက် | ၁၅၀ | ၃၂၅ |
| ဘဲ | ၅၆ | ၉၇ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | ၄၀ | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်နွားမွေးမြူသူအိမ်ထောင်စု(၃၆)အိမ်(၁၇)%၊ မြင်းမွေးသူအိမ်ထောင်စု (၁)အိမ်ထောင်၊ ဝက်မွေးမြူသူအိမ်ထောင်စု(၃၂)အိမ်(၁၅)%၊ ကြက်မွေးမြူသူအိမ်ထောင်စု(၁၅၀)အိမ်၊ (၇၁)%၊ ချောင်းနှင့်အင်းများတွင် ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု (၄၀)အိမ်(၁၉)% ရှိပါသည်။ ကျေးရွာတွင် စားကျက်မြေမရှိ၍ ခိုင်းနွားများမပြေလည်သောကြောင့် ထုတ်ရောင်းရသော တောင်သူများလာခြင်း၊ နွားမ၊နွားပေါက်မမွေးနိုင်ကြတော့ပါ။ နို့စားနွားမွေးရန် စိတ်အားသန်သော် လည်း ပံ့ပိုးမှု၊ အသိညဏ်၊ အဆက်အသွယ်နှင့် အရင်းအနှီးမပြည့်စုံ၍ မွေးမြူနိုင်ခြင်းမရှိပါ။ ဝက်စာ၊ ကြက်စာ၊ ဘဲစာများဈေးမြင့်တက်မှု၊ ဒေသရောဂါများနှစ်စဉ်ကျရောက်မှုတို့ကြောင့် အိမ်တိုင်းမ မွေးနိုင်၊ ဟင်းစားသာသာအဖြစ်သာ မွေးနေကြပါသည်။ ငါးကန်များမရှိ။ ထုံးတပိုကျေးရွာအနီး ရေလဲထုံး ချောင်းနှင့် သပြေအိုင်အင်းတို့မှ ရေချိုငါးဖမ်းလုပ်ငန်းကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြပါသည်။ အများ ပိုင်အင်း၊ စုပေါင်းလေလံအင်းများ မဖန်တီးနိုင်။ ငါးဖမ်းကိရိယာလေ့မပြည့်စုံသော ဆင်းရဲသား ရေလုပ် သားအများစုမှာလည်း ဒေသဝမ်းစာမဖူလုံ၍ မြို့မှမွေးမြူရေးငါးများဝယ်ယူ၊ရောင်းချ၊စားသုံးရပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ် ငန်း အရေအတွက် | ဝန်ထမ်း / အလုပ် သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ် ရေးနှင့်သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ | ၂ | ၁၅ | - | နိမ့် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၂ | ၃ | - | နိမ့် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၁ | ၂ | - | နိမ့် |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၁ | ၁၅ | - | လတ် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု) | ၁ | ၂ | - | လတ် |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၁ | ၆ | - | နိမ့် |

| | | | | | |
|---|---|---|---|---|---|
| ၁၃ | ကျန်းမာရေး | ၁ | ၁ | - | နိမ့် |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ) ဆန်စက် | ၁ | ၃ | - | မြင့် |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ - ၄၇ ဦး | | | | |



**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အနေဖြင့် ဒေသစွန့်ခွာ၍ ဆောက်လုပ်ရေး၊ ပန်းရံ၊ လက်သမားလုပ်ကိုင်သူလည်း ရှိပါသည်။ အမျိုးသမီး အချို့လည်း စက်ချုပ်နှင့် စတိုးဆိုင် လုပ်ငန်းသွားလုပ်ကြသူလည်းရှိပါသည်။ ဆိုင်ကယ်ကယ်ရီဆွဲသူများ၊ စက်လှေငယ်များဖြစ်ခြင်းကြောင့် ပို့ဆောင်ရေးလမ်းကြောင်းလည်း တိုးပွားလာပါသည်။ ဆိုင်ကယ်ပြင်သူ၊ ဒီဇယ် အင်ဂျင်ပြင်သူလည်း ရှိပါသည်။ အရပ်ဆရာခေါ် ကျန်းမာရေးကျောင်းလုပ်သား (၁)ဦးလည်းရှိပါသည်။ စက်ဘီးဝွခြင်းဖြင့် ဈေးရောင်းဈေးဝယ်များ၊ ခေါင်းရွက်ဈေးသည်များ၊ အိမ်ဆိုင်ငယ်လေးများလည်း ရှိပါသည်။ အတိုးချေးသူလည်းရှိပါသည်။ ကျောင်းဆရာ/ဆရာမများလည်းရှိပါသည်။ ဆန်စက်လုပ်ငန်း လုပ်ကိုင်သူလည်း ရှိပါသည်။**

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး** (**အနီးဆုံး** **တစ်ခုကိုသာ**ဖော်ပြပါရန်) | **အကြီးစားဈေးကွက်** (**အဓိက**<u>**တစ်ခုကိုသာ**</u>ဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည်** (**မြို့/ ရွာ**) | အဖျောက်ဈေး | ဇလွန်ဈေး |
| **ရွာမှအကွာအဝေး** (**မိုင်**) (**အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်**) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐<br>၅ မှ ၁၀ မိုင် ☑ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☑<br>၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက် ☐ |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး<br>(အနီးဆုံး<br>တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက်<br>(အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင်☑စက်ဘီး☑ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☑စက်လှေ ☑ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☑စက်လှေ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အဖျောက်ဈေးသည် ကျေးရွာနှင့် (၈)မိုင်ခန့်ကွာဝေးပြီး ဇလွန်မြို့ဈေးကွက်နှင့် (၁၀)ကျော်ကွာဝေးသည့်အပြင် ရေလမ်းခရီးဖြစ်ခြင်း၊ သယ်ယူစရိတ်ကြီးခြင်း၊ ကုန်ပစ္စည်းများ ထိခိုက်



ပျက်ဆီးမှုများရှိခြင်း၊ရေစိုမှုများရှိခြင်းတို့ရှိပါသည်။ဇလွန်မြို့ဈေးသို့ စက်လှေမော်တော်များသည်တစ်နေ့ (၁)စီးအလှည့်ကျပြေးဆွဲပေးပါသည်။ဥပုသ်ရက်၊ တနင်္ဂနွေနေ့များတွင်မပို့ကြသဖြင့် ခရီးသွားများစီးလုံး ကျွတ် ငှားစီးကြရပါသဖြင့် အချိန်ကုန်၊ ငွေကုန်၊ လုပ်အားတွေအများကြီး ဆုံးရှုံးလေလွင့်မှုရှိပါသည်။

**(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ**

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာလယ်လမ်း | ၁☐ ၂☐ ၃☐ ၄☑ ၅☐ | ကောင်းÂ☐သင့်☐ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင် ☑ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ရွာလယ်လမ်း | ၁☐ ၂☐ ၃☐ ၄☑ ၅☐ | ကောင်း☐ သင့် ☑ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင် ☑ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ |

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| | | | | ၁၀မိုင်အထက်☐ |
| ရွာတွင်း လမ်းသွယ်(၁) | ၁☐ ၂☐ ၃☐ ၄☑ ၅☐ | ကောင်း☐ သင့် ☑ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☑ | ၀–၁ မိုင် ☑ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ရွာတွင်း လမ်းသွယ်(၂) | ၁☑၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့☑ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☑ | ၀–၁ မိုင် ☑ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☐ ၂☐ ၃☐ ၄☑၅☐ | ကောင်း☐ သင့် ☑ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☑ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**



**မှတ်ချက်။ ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅**

**လေ့လာတွေ့ရှိချက်။** ။ထိုးတပိုကျေးရွာတွင် ထိုးတပို(အောက်)–ရေလဲကျေးရွာချင်းဆက်လမ်းမှာ (၅၇၈၀’) အတိုင်း အတာရှိပြီး ကျေးရွာသူကျေးရွာသားများ စုပေါင်း၍ ကိုယ်ထူကိုယ်ထ ကွန်ကရစ်လမ်း ခင်းထားပြီး ဖြစ်ပါသည်။ ကျေးရွာရွာလယ်လမ်းမကြီးမှာ တစ်ပိုင်းမှာ (၁၇၀၀’x၈’x၄”)အတိုင်းအတာအား ကိုယ်ထူကိုယ်ထ ကွန်ကရစ်ခင်းထားပြီးဖြစ်ပါသည်။ ကျန်ရှိနေသော ရွာလယ်လမ်းတစ်ပိုင်းမှာလက်ရှိတွင်(၁၁၀၀’x၄’x၄”) အတိုင်းအတာဖြင့် ကွန်ကရစ်ခင်းထားရာတွင်သက်တမ်းအရ ကွန်ကရစ် လမ်းများပေါက်ပြဲနေခြင်း၊ ကုန်ထုတ်ယာဉ်စက်ပစ္စည်းများသွားလာရေး လမ်းပေအကျယ်ကျဉ်းသည့်အတွက် (၁၁၀၀’x၄’x၄”) အတိုင်း အတာအား ဘေးတွင်ထပ်ကပ်၍ ကွန်ကရစ်လမ်းပေချဲ့ခြင်းအားဖြင့် အဆင်ပြေချောမွေ့စေမည် ဖြစ်ပါသည်။ ကျေးရွာတွင် လမ်းသွယ်(၂)သွယ်ရှိပြီး လမ်းသွယ်(၁)မှာ အရှည် (၃၅၀’)၊ အကျယ်(၃’) မြေသားလမ်းပေါ်တွင် (၂’)အကျယ်ကွန်ကရစ်ခင်းထားသဖြင့် အထိုက်အလျောက်အဆင်ပြေပါသည်။ လမ်းသွယ်(၂)မှာ (၄၅၀’x၈’) မြေသားလမ်းဖြစ်သည့်အတွက် သွားလာရေးအဆင်ပြေအောင် ကွန်ကရစ်လမ်းအဆင့်မြှင့်တင် ဆောင်ရွက် လိုကြသည်။

**(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး**

ဇယား (၁၂) **ရေကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☑<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☑ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**



**လေ့လာတွေ့ရှိချက်။** ။ထုံးတပိုကျေးရွာသည် ရေလမ်းခရီးအား အဓိကထားသွားလာကြပါသည်။ ဇလွန်မြို့သို့ နွေရာသီတွင် ဆိုင်ကယ်များ၊ စက်လှေ၊ ကူးတို့တို့ဖြင့် ကူးသန်းကြရပါသည်။ ရေဝတီမြစ် ရောက်ရန်ရွာမှထွက်ပေါက်ကျဉ်းပြီး ဇလွန်မြို့နှင့် (၁၀)မိုင်ကျော်ဝေးသည့်အတွက် အချိန်နောက်ကျမှု အခက်အခဲများ ကြုံတွေ့နေရပါသည်။ အဖျောက်မြို့နယ်နှင့်သာ ဆက်သွယ်ရေးအဆင်ပြေပါသည်။ ရေလမ်းခရီးသာမက ရေကာတာပေါ်မှ စက်ဘီး၊ ဆိုင်ကယ်များ ရာသီမရွေးသွားလာနိုင်ကြပါသည်။ နွေရာသီတွင် ထော်လာဂျီ၊ ကုန်ကားများဖြင့် အဖျောက်၊ တိုက်ကြီး၊ ရန်ကုန်သို့ ကုန်စည်ပို့ဆောင်ဝယ်ယူနိုင်ကြပါသည်။

**(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | ၁၅ | ၁၅ | ၁၀၀ | ၈၆ | | | | | ၃၄ |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။** ။ထိုးတပိုကျေးရွာတွင် ကျေးရွာသူကျေးရွာသားအများစုသည် စက်ဘီး နှင့် ဆိုင်ကယ်အသုံးပြုကြသည်။ အငှားဆိုင်ကယ်ခေါ်စီးသူလည်းရှိသည်။ နွားလှည်းရှားပါးလာပြီး တောင်သူအချို့သာ ကုန်ထုတ်လုပ်ငန်းသုံး ပစ္စည်းများသုံးနိုင်ကြသည်။ စက်လှေအသေးများပေါ်များလာသဖြင့် အန္တရာယ်နှင့်ရင်ဆိုင်၍ ခရီးသွားလာစီးနေကြပါသည်။



## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | |

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| ဆိုလာစနစ် | ၃၇ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင်(ဘက်ထရီ) | ၅၇ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သောလျှပ်စစ် ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | ၁၁၆ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ထိုးတပိုကျေးရွာသူကျေးရွာသားများသည် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး ရလိမ့်နိုး မျှော်လင့်နေကြပါသည်။ ဘက်ထရီအသေးလေးများ သုံးသူများလည်း ဘက်ထရီအိုး၊ အင်ဗာ တာ၊ မီးကြိုး၊ မီးသီးများဖြင့်လည်းကောင်း၊ ဖယောင်းတိုင်၊ ရေနံဆီမီးခွက်များဖြင့် လည်းကောင်း၊ အလင်းရောင်ရရှိရေး လိုအပ်ချက်များအား ဖြေရှင်းကြရပါသည်။ အခြေခံလျှပ်စစ်မီးရရှိလာပါက ဒေသ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ဒေသထွက်ကုန်များမှ ကုန်ချောထုတ်နိုင်မည်။ ဆန်၊ပဲ၊ပြောင်းတို့မှ မွေးမြူရေးအစာအဆင့်ထုတ်နိုင်လျှင် လုပ်သားများ ဝင်ငွေပိုလာမည်။ နေရပ်အားစွန့်ခွာ၍ အလုပ်ထွက် လုပ်ဖို့မလိုအပ်ခြင်း၊ ဈေးနှုန်းသက်သာစွာဖြင့် မွေးမြူရေးသမားများ ဝယ်သုံးနိုင်ခြင်း၊ တောင်သူများ သီးနှံဈေးနှုန်းအမြင့်ဆုံးရရှိကြခြင်းများ၊ ခံစားကြရပါမည်။ အခြားဒေသထွက်ကုန်ကြမ်းများဖြစ်ကြ သော ရိုးပြတ်၊ ပြောင်းရိုးတို့မှ အိမ်တွင်းလက်မှုလုပ်ငန်းငယ်လေးများဖြင့် အပိုဝင်ငွေရရှိစေခြင်းဖြင့် ဒေသဖွံ့ဖြိုးလာနိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။



**(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၈၉ | ၂၉ | ၅၁ |

**ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။** ။ထိုးတပိုကျေးရွာတွင် လက်ကိုင်ဖုန်းများ အိမ်တိုင်းနီးပါး အသုံးပြုနိုင်ကြပြီး တစ်အိမ်ထောင်တစ်လုံးထက်ပိုမိုသော အိမ်များလည်း အနည်းစုတွေ့ရပါသည်။ ရေဒီယိုနားထောင်သူ အနည်းငယ်သာရှိပါသည်။ ပေါ့တေးဘဲရုပ်သံစက်ကလေးများ ပေါပေါများများအသုံးပြုကြပြီး ဖျော်ဖြေရေးအတွက်သာ အသုံးပြုကြပြီး သတင်း၊ နည်းပညာ၊ ဗဟုသုတအတွက် အသုံးပြုကြသူအနည်းငယ်သာရှိပါသည်။ ကျေးရွာတွင် တာဝါတိုင်များလည်းရှိခြင်းကြောင့် ဖုန်းလိုင်းများလည်းကောင်းမွန်ပါသည်။ သို့သော် သတင်းစာ၊ ဂျာနယ်ဝယ်ယူဖတ်ရှုနိုင်မှု၊ အင်တာနက်သုံးစွဲမှုမထိရောက်၊ နည်းပါးမှုတို့ကြောင့် ဗဟုသုတ၊ နည်းပညာဖွံ့ဖြိုးမှု နောက်ကျကျန်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဖ) ပညာရေး**

**(ဖ.၁) ကျောင်းတက်နှုန်း**

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၅၇ | ၂၈ | ၈၅ |
| အလယ်တန်း | ၂၂ | ၃၂ | ၅၄ |
| အထက်တန်း | ၁၄ | ၁၇ | ၃၁ |
| တက္ကသိုလ်/ကောလိပ် | ၇ | ၁၆ | ၂၃ |

**ရင်းမြစ် ...** (၁) **ကျောင်းဝင်စာရင်း၊** (၂) **ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၎င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မိဘများ စီးပွားရေးမပြေလည်၍ မူလတန်းပညာရေးပြီးဆုံးပြီး အလုပ်လုပ်နေကြရသော ကလေးငယ်များ များပြားနေပါသည်။ အထက်တန်းပညာရေး မပြီးဆုံး၊ မအောင်မြင်သော လူငယ်အများစုမှာ လုပ်ငန်းခွင် ဝင်ရောက်အလုပ်လုပ်မှုမြင့်တက်နေပါသည်။ အဝေးသင်တက်ရောက်အောင်မြင်ပြီးနောက် အသက်မွေးဝမ်းကျောင်းကြုံရာ၊ အလျဉ်းသင့်ရာ လုပ်ကိုင် ရှာဖွေစားသောက်နေရသော လူငယ်များလည်းရှိပါသည်။ မူလတန်းကျောင်းတက်နေသော ကျောင်းသား (၅၇)ဦး၊ ကျောင်းသူ(၂၈)ဦး၊ စုစုပေါင်း(၈၅)ဦး(၉၈%) ရှိပါသည်။ (၂%)မှာ မိဘစီးပွားရေး အခြေအနေ ကြောင့် ကျောင်းထွက်သူများဖြစ်ကြပါသည်။ အလယ်တန်းနှင့်အထက်တန်းကို ရေလဲ (အ.ထ.က) ကျောင်းသို့ သွားရောက်ပညာသင်ယူကြပြီး အလယ်တန်းကျောင်းသား(၂၂ဦး)၊ ကျောင်းသူ (၃၂)ဦး၊ စုစုပေါင်း(၅၄ဦး) (၆၄%)၊ အထက်တန်းကျောင်းသား(၁၄ဦး)၊ ကျောင်းသူ(၁၇ဦး)၊ စုစုပေါင်း (၃၁ဦး)ရှိ ပါသည်။ တက္ကသိုလ်/ကောလိပ်တက်နေကြသော ကျောင်းသား(၇)ဦး၊ ကျောင်းသူ(၁၆)ဦး၊ စုစု ပေါင်း(၂၃)ဦးရှိကြောင်း တွေ့ရှိရပါသည်။

## (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☑<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | (၇၀'x၂၄') (၇၀'x၃၀') | | |
| **င။** အမိုး၊ နံရံ၊အခင်းအရည်အသွေး | ကောင်း☐သင့်☐ ညံ့☑ | ကောင်း☐သင့်☐ညံ့☐ | ကောင်း☐သင့်☐ ညံ့☐ |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☑<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☑ | ကောင်း ☐ သင့် ☐ | ကောင်း ☐ သင့် ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| | ညှိ ☐ မရှိ ☐ | | | ညှိ ☐ မရှိ ☐ | | | ညှိ ☐ မရှိ ☐ | | |
| **စျ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☑<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဇ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၂ | ၅ | ၇ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရွာထိပ်၍ မူလတန်းကျောင်း(၁)ကျောင်း ရှိပါသည်။** မူလတန်းကျောင်းတွင် ကျောင်းဆောင် (၂)ဆောင်ရှိပြီး ကျောင်းဆောင်(၁)မှာ (၇၀'x၂၄')အုပ်ညှပ်၊ သစ်တိုင်၊ သွပ်မိုး၊ အုပ်နံရံ နှင့်သင့်တင့်သောအခြေအနေတွင် ရှိနေပါသည်။ ကျောင်းဆောင်(၂)မှာ (၇၀'x၃၀')(ခန့်မှန်း) သစ်သား ကျောင်းဆောင် ဟောင်းကြီးမှာယိုယွင်းနေပါသည်။ပျဉ်ကာ၊ သစ်တိုင်များဆွေးမြေ့နေပါသည်။ အန္တရာယ်ရှိ ထိုကျောင်း ဆောင်ကြီးအား အမြန်ဖျက်သိမ်းပြီး ယာယီစာသင် ကျောင်းပြန်ဆောက်ပြီး၊ နောက်နှစ်ကျောင်း ဖွင့်ရာသီအမှီ ကျောင်းဆောင်သစ်ကြီးပြီးရန် အရေးကြီး ပါသည်။ ကျောင်းတွင် လစ်လပ်ဆရာ/ ဆရာမ(၁) ဦးလိုအပ်နေပါသည်။ အဝေးမှ ဆရာ၊ဆရာမများအတွက် ဝန်ထမ်းအိမ်ယာမရှိသည့်အတွက် ကျေးရွာနေအိမ် တွင်သာ တည်းခိုနေရသဖြင့် အဆင်မပြေမှုများရှိသဖြင့် ဝန်ထမ်းအိမ်ယာလည်း လိုအပ်မှုရှိနေပါသည်။ ကျေးရွာရွာမူလတန်းကျောင်းတွင် ထုံးတပိုအောက်စုကျေးရွာ၊ ထုံးတပိုအောက်ကျေးရွာ၊ ထုံးတပိုအထက် ကျေးရွာမှ ကလေးငယ်များ စာသင်ကြားနေကြပြီး ကျောင်းသား(၁၀၃)ဦး၊ ကျောင်းသူ (၁၁၂)ဦး၊ စုစုပေါင်း (၂၁၅)ဦး ရှိပါသည်။ ကျောင်းသားဦးရေများပြားသဖြင့် မူကြိုဆောင်လိုအပ်မှုရှိနေပါသည်။ ကျောင်းဝန်းအတွင်း ကျောင်း အားကစားကွင်းလည်းရှိပါသည်။ ခြံစည်းရိုး၊ သံဇကာလည်းကာထားပြီး ဂိတ်တံခါးလည်းလုံခြုံပါသည်။ (၂)ခန်းတွဲအိမ်သာ(၂)လုံး၊ ကျောက်ခွေသုံးခန်းတွဲသစ်သားအိမ်သာ (၁)လုံးရှိ၍ ကျောင်းသား ကျောင်းသူဦးရေနှင့် သင့်တင့်မျှတပါသည်။ ကျောင်းဆောင်(၂)ခုကြားတွင် လက်နှိပ်တုံကင်(၁)လုံး လည်းရှိပါသည်။ ကျောင်းသုံး

ပရိဘောဂ၊ အလံတိုင်များလည်း ရှိပါသည်။ မူလတန်းကျောင်းကလေး ငယ်များအတွက် အာဟာရ တိုက်ကျွေးမှုများလည်း ရံဖန်ရံခါရှိပါသည်။



## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | *မြင့်*☐ | *နိမ့်*☑ | *မရှိ*☐ |
| ၂ | သွေးလွန်တုပ်ကွေး | *မြင့်*☐ | *နိမ့်*☑ | *မရှိ*☐ |
| ၃ | ငှက်ဖျား | *မြင့်*☐ | *နိမ့်*☑ | *မရှိ*☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | *မြင့်*☐ | *နိမ့်*☑ | *မရှိ*☐ |
| ၅ | HIV, AIDS,လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☑ |
| ၆ | တီဘီ | *မြင့်*☐ | *နိမ့်*☑ | *မရှိ*☐ |
| ၇ | ဆီးချို | *မြင့်*☐ | *နိမ့်*☑ | *မရှိ*☐ |
| ၈ | သွေးတိုး | *မြင့်*☑ | *နိမ့်*☐ | *မရှိ*☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | *မြင့်*☐ | *နိမ့်*☑ | *မရှိ*☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | *မြင့်*☑ | *နိမ့်*☐ | *မရှိ*☐ |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု |
|---|---|---|
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ နိမ့်☐ မရှိ☑ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။အဖြစ်များသောရောဂါများမှာ လူကြီးများ သွေးတိုး၊ ဆီးချိုများ အဖြစ် များပြီး တီဘီရောဂါအနည်းငယ်သာတွေ့ရပါသည်။ မိုးတွင်း ရေကြီးချိန်တွင်သာ ရေကြောင့်ဖြစ်သောရောဂါများ ရရှိခံစားကြရပါသည်။ ကလေးများ မိုးရာသီ(၂)လခန့် သွေးလွန်တုတ်ကွေးဖြစ်ပွား နှုန်းပိုပြီး အာဟာရချို့တဲ့သော နွမ်းပါးမိသားစုကလေးငယ်များ အဖြစ်များသည်။ ကျေးရွာတွင် အမျိုးသမီး အနာကြီးရောဂါသည် (၁)ဦးရှိသော်လည်း ပိုမိုဆိုးဝါးနိုင်မည့်အခြေအနေမရှိပါ။ ခန္ဓာကိုယ်မသန်စွမ်းသူ ကျား(၂)ဦး၊ မ(၁)ဦးလည်းရှိပါသည်။ သီးခြားထောက်ပံ့မှုအစီအစဉ်များမရရှိကြပါ။ ညဏ်ရည် မဖွံ့ဖြိုးသောလူငယ်(၃)ဦးရှိသည့်အနက် (၁)ဦးမှာ စာမတတ်မြောက်ပါ။ အသက်ရှူလမ်းကြောင်းနှင့် ပတ်သက်သော အမျိုးသားပန်းနာသည်(၁)ဦးလည်းရှိကြောင်း၊ သို့ရာတွင် အခြားကူးစက်အန္တရာယ် ရှိ နိုင်သောရောဂါများ မတွေ့ရကြောင်း လေ့လာတွေ့ရှိရပါသည်။



**(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✔ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | | |
| ၃ | ပိုလီယိုရောဂါ | ✔ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | |
| ၅ | ဝက်သက်ရောဂါ | ✔ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု** | ✔ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ | | ✔ |

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| | လက်မောင်းပတ်) | | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | | ✔ |

**ရင်းမြစ်** ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ကလေးငယ်နှင့် ကိုယ်ဝန်ဆောင်များအတွက် ပုံမှန်ဆေးထိုးဆေးတိုက် အစီအစဉ်ရှိပါသည်။ လူကြီးများအတွက် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ သံချဆေးတိုက်ကျွေးမှုများလည်းရှိပါသည်။



**(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☑<br>၃ မိုင် မှ ၅ မိုင် ☐ | ရှိ ☑<br>မရှိ ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| | ၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☑<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☑ | ရှိ ☑<br>မရှိ ☐ |

**ရင်းမြစ်** ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ကျေးလက်ကျန်းမာရေးဌာနနှင့် တိုက်နယ်ဆေးရုံသည် ထုံးတပို(အောက်) ကျေးရွာမှ (၁.၅)မိုင်ခန့်ကွာဝေးသော ရေလဲရွာတွင်ရှိပါသည်။ သူနာပြုနှင့် သားဖွားဆရာမသည် (၁)မိုင်ခန့်ဝေးသော ချောင်းကြီးရွာတွင် ရှိသဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ အဆင်ပြေပါသည်။



မြို့နယ် ဆေးရုံသည် ရွာမှ(၁၀)မိုင်ကျော်ဝေးသည့် မြစ်တစ်ဖက်ကမ်း ဇလွန်မြို့နယ်တွင် ရှိသဖြင့် အရေးပေါ်လူနာများအတွက် ခရီးဝေးကြန့်ကြာမှု၊ အဆင်မပြေမှုများ ကြုံတွေ့နေရပါသည်။

**(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(၇.၄. ၁) သောက်သုံးရေ ရရှိမှု**

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| **ရေရရှိနိုင်မှု** | **အသုံးပြုသော အိမ်ထောင်စု** | **ရေ အရည်အသွေး** | **လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)** |
|---|---|---|---|
| ရေတွင်း | | ကောင်း☐ သင့်☐ ညံ့☐ | |
| အဝီစိတွင်း/ စက်တပ် | ၄၂ | ကောင်း☐ သင့်☑ညံ့☐ | ရာသီမရွေး |
| အဝီစိတွင်း/ တုံကင် | ၈၉ | ကောင်း☑သင့်☐ ညံ့☐ | ရာသီမရွေး |
| မိုးရေသိုလှောင်န် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းရေ | ၇၉ | ကောင်း☐ သင့်☐ ညံ့☑ | မိုး၊ ဆောင်း |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။** ။သောက်သုံးရေအဖြစ် တုံကင်တွင်းနှင့် စက်ရေတွင်းများလည်း အရည်အသွေး မီကြပါသည်။ မြစ်ချောင်းရေများသုံးစွဲကြသော ဆင်းရဲသားအိမ်ထောင်စုအနည်းငယ်သာရှိပြီး သဘာဝ မိုးရေများလည်း သုံးစွဲကြပါသည်။ **ကျေးရွာသူကျေးရွာများမှ** ရေသန့်တွင်း(၁)တွင်းကို ချို့တဲ့သူလူ အများစု နှင့် လက်လှမ်းမီရာနေရာတွင် တူးဖော်ပေးစေချင်ကြသည်။

## (၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၂ |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၉၄ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၁၃ |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | ၁ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ရေကာတာအပြင်ဖက်နေအိမ်ထောင်စုတို့သည် ယင်မလုံအိမ်သာ အများစုတွေ့ရပါသည်။ (၆%)ခန့်ရှိကြောင်း တွေ့ရှိရပါသည်။ ရေကြီးချိန်(၃)လခန့် စွန့်ပစ်အညစ်ကြေး ကြောင့် ရောဂါဖြစ်ပွားနိုင်မှု စိုးရိမ်ရပါသည်။ ထိုအိမ်ထောင်စုများကို အသိပညာပေးရန် လိုအပ်ပါသည်။ ကျေးရွာတာအတွင်းနေအိမ်ထောင်စုအများစုမှာ ယင်လုံတွင်း၊ သန့်ရှင်းသောအိမ်သာ သုံးစွဲကြပြီး (၉၃%)ရှိပါသည်။ အိမ်သာမရှိသူ ဆွေမျိုးများနှင့် ပေါင်းစပ်အသုံးပြုသူ အိမ်ထောင်စု(၁)အိမ်ထောင်စု ရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနမှ ရံဖန်ရံခါအသိပညာပေးသော်လည်း လိုက်နာမှုအားနည်း သောကြောင့် ကျန်းမာရေးအသိမြှင့်တင်ရန် လိုအပ်နေပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိပါ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မရှိပါ |
| ၃ | ရေကြီးခြင်း | မရှိပါ |
| ၄ | မိုးခေါင်ခြင်း | မရှိပါ |
| ၅ | အအေးလွန်ကဲခြင်း | မရှိပါ |
| ၆ | မုန်တိုင်း | ပုံမှန်ခံစားနေရပါသည်။ |
| ၇ | လျှော | မရှိပါ |
| ၈ | မီးဘေး | မရှိပါ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိပါ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိပါ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိပါ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိပါ |
| ၁၃ | တီဘီရောဂါ | မရှိပါ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိပါ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိပါ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မရှိပါ |
| ၁၇ | လူကုန်ကူးခြင်း | မရှိပါ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ | အရမ်းဝေးခြင်း၊ ဆက်သွယ်ရေးလမ်းညံ့ခြင်း၊ နယ်စွံ |

## ၃၇

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် တစ်နှစ်လျှင် ပုံမှန်(၃)ကြိမ်ခန့် ရေမြုပ်နေသည်။ ရေဘေးအန္တရာယ် စိုးရိမ်မှုအခြေအနေကြုံတွေ့ရသည်။ မိုးအရမ်းများမှုကြောင့် မိုးစပါးထွက်ညံ့ခြင်း၊ မိုးဦးအလွန်ကောင်း ပြီး မိုးနှောင်းအခါလွန် မိုးများကြောင့် မုန်တိုင်းအန္တရာယ် ခံစားရမှုရှိပါသည်။ နယ်စွန်နယ်ဖျားဖြစ်ခြင်း နှင့် လမ်းပန်းဆက်သွယ်ရေးညံ့သောကြောင့် အဘက်ဘက်ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့ပါသည်။ ကျေးရွာ ၏ နာရေးကိစ္စများတွင် ဒေသဓလေ့အတိုင်း မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုလ်ခြင်းများပြုလုပ်ကြရန်အတွက် သုသာန်ကုန်းလည်းရှိပါသည်။ သင်္ဂြိုလ်စက်လည်းရှိပါသည်။ လက်ရှိသင်္ဂြိုလ်စက်မှာ ခေါင်းတိုင်နိမ့်နေ သဖြင့် ညှော်နံ့များကြောင့် ကျန်းမာရေး ထိခိုက်နိုင်သဖြင့် သင်္ဂြိုလ်စက်နှင့် ဆက်စပ်ပစ္စည်းများ (အင်ဂျင် စက်၊ ခေါင်းတိုင်၊ နည်းပညာ)တို့အား အကောင်အထည်ဖော်ဆောင်ရွက်လိုကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

**ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ**

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | နိမ့် | ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ပေါင်းသတ်ဆေး အသုံးများသောကြောင့် |
| အပင်မျိုးစိတ်များ | မြင့် | ပေါင်းသတ်ဆေးအသုံးများသောကြောင့် |
| ရေအရင်းအမြစ် | မြင့် | ပိုးသတ်ဆေးနှင့် စွန့်ပစ်ပစ္စည်းများကြောင့် |
| ငါးမျိုးကွဲများ | မြင့် | ပိုးသတ်ဆေးအသုံးများသောကြောင့် |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့် | ပိုးသတ်ဆေးအသုံးများသောကြောင့် |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။သဘာဝမြေသြဇာသုံးစွဲမှုနည်းပါးပြီး ဓါတုမြေသြဇာများ ပိုမိုသုံးစွဲလာကာ ပေါင်းသတ်ဆေးများကြောင့် မြေဆီမြေသြဇာ ဆုတ်ယုတ်လာပါသည်။ တောင်သူအနည်းစုသာ မိရိုး ဖလာစနစ်ကို သုံးစွဲနေသည်ကိုတွေ့ရှိရပါသည်။ ပေါင်းသတ်ဆေးဆိုးကျိုးကြောင့် အပင်မျိုးစုံကွယ် ပျောက်လာပါသည်။ လူနှင့်တိရစ္ဆာန်တို့အတွက် အသုံးဝင်သောအပင်များရှားပါးလာပါသည်။ ရေနေ သတ္တဝါများလည်း ရှားပါးသေးကွေးပိန်လာပါသည်။ အချို့မှာ ပျောက်ကွယ်လုနီးပါးတွေ့နေရပါသည်။ အင်းများ၊

ချောင်းများ၊ ရိုးများ၊ အိုင်များ ပေါ်များသော်လည်း ရေချိုငါးဖမ်းရေလုပ်သားများ တစ်နိုင်တစ်ပိုင် ရှာဖွေစားသောက်ခွင့် ကျဉ်းမြောင်းပါသည်။ မဆင်မခြင်စွန့်ပစ်လေ့ရှိသော ဆေးဗူးခွံများကြောင့် ချောင်း၊ မြစ်ရေ၊ အိုင်များ အန္တရာယ်ရှိလာပါသည်။



## (၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☑ | မရှိ ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ☑ | မရှိ ☐ |

**ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွက် ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ အုပ်ချုပ်ရေးမှူးများ ရွေးကောက်တင်မြှောက်ပွဲတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ရွေးချယ်ကြပါသည်။ အမျိုးသမီးဆယ်အိမ်မှူး (၁)ဦးပါဝင်သည်ကို တွေ့ရှိရပါသည်။ ကျေးရွာအတွက် ရေဘေးကယ်ဆယ်ရေးကိစ္စ၊ လမ်းခင်းခြင်း လုပ်ငန်း၊ ရာသီအလိုက်ပွဲတော်များတွင် အမျိုးသမီးထုခေါင်းဆောင်ခဲ့သော အခြေအနေများစွာရှိပါ သည်။ အမျိုးသားများနှင့် ရင်ဘောင်တန်းပါဝင်နိုင်ကြပါသည်။ ကျေးရွာတွင် မြန်မာ့သဘာဝဓါတ်ငွေ့ တွင်းကုန်းကြီး စွန့်ပစ်ထားပါသည်။ ဓါတ်ငွေ့မထွက်ရှိပါ။ လူငယ်များ လေ့ကျင့်ရန် ယာယီအားကစား ကွင်းဖန်တီးပေးနိုင်လျှင် သင့်တော်မည်ထင်ပါသည်။